
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

MYANMAR CSO
CENTRAL STATISTICAL ORGANIZATION




# ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

၂၀၁၈ ခုနှစ် ဇန်နဝါရီလ

အကြောင်းအရာ။ **၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ တင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၇ ခုနှစ် ဒီဇင်ဘာလ** အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၅၀.၆၃၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၂၀.၉၂ နှင့် **အုပ်စုအားလုံးအတွက် ၁၃၈.၂၉** ရှိပါသည်။ **၂၀၁၇ ခုနှစ် နိုဝင်ဘာလ၏** အခြေအနေမှာ ၁၃၇.၅၀ ရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၀.၅၇% မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၁၆.၇၇** ဖြစ်ရာ **၂၀၁၇ ခုနှစ် နိုဝင်ဘာလ၏** Core CPI ဖြစ်သည့် **၁၁၆.၄၃** နှင့် နှိုင်းယှဉ်ပါက ၀.၂၉% မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက် ပြောင်းလဲမှုအခြေအနေမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ** ၏ စားသုံးသူဈေးဆနှုန်းမှာ **၁၃၈.၂၉** ဖြစ်သဖြင့် **၂၀၁၆ ခုနှစ် ဒီဇင်ဘာလ၏** အခြေအနေ **၁၃၂.၃၉** နှင့် နှိုင်းယှဉ်ပါက **၄.၄၅%** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၏ Core CPI မှာ ၁၁၆.၇၇ ဖြစ်ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ၏** Core CPI အခြေအနေ **၁၁၂.၉၃** နှင့် နှိုင်းယှဉ်ပါက **၃.၄၁%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၅၀.၆၃** ဖြစ်သဖြင့် ယခင်လကထက် **၀.၂၆%** မြင့်တက်လာပါသည်။ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်(ဧည့်မထ)၊ စားအုန်းဆီ၊ အမဲသား၊ ငါးခူ၊ ငါးရံ့၊ ငါးမြစ်ချင်း၊ ကုလားပဲခြမ်း၊ အာလူး၊ ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းနေသော်လည်း၊ အခြားမီးဖိုချောင်သုံး ကုန်ပစ္စည်းဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီ၊ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ဆိတ်သားခြောက်၊ ပုစွန်တုပ်၊ ပုစွန်ကျော့၊ ကြက်ဥ၊ ဘဲဥ၊ ငါးသေတ္တာ၊ ပဲကြီး၊ စားတော်ပဲ၊ ကြက်သွန်နီ၊ အချိုမှုန့်၊ ငရုတ်သီးခြောက်(အရှည်)၊ ငရုတ်သီးခြောက်(အပု)ဈေးနှုန်းမှာ မြင့်တက်နေပါသည်။ ထို့ပြင် ဟင်းသီးဟင်းရွက်များဖြစ်သော ပဲတောင့်ရှည်၊ ကန်စွန်းရွက်ဈေးနှုန်းများ မြင့်တက်နေသော်လည်း ခရမ်းချဉ်သီးဈေးနှုန်းမှာသိသိသာသာ ပြန်လည်ကျဆင်းနေသည်ကို တွေ့ ရှိရပါသည်။


၄။ **၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၂၀.၉၂** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၁.၁၈%** မြင့်တက်လျက် ရှိပါသည်။ ယင်းအုပ်စုအတွင်းရှိ သယ်ယူပို့ဆောင်ရေးအုပ်စုတွင်ပါဝင်သော ဒီဇယ်နှင့် ဓာတ်ဆီ ဈေးနှုန်းတို့မှာ မြင့်တက်လျက်ရှိပါသည်။ ကျန်ကုန်ပစ္စည်းအုပ်စုများတွင် ပါဝင်သည့် အရက်နှင့် ဘီယာများ၊ ကွမ်းသီးနှင့်ကွမ်းရွက်ဈေးနှုန်းများ၊ အမျိုးသမီး/ အမျိုးသားဝတ် လုံချည်များ ၊ စက်ချုပ်ခများ၊ သားရေဖိနပ်များ၊ ဂျာကင်နှင့်ဆွယ်တာများ၊ မော်တော်ကား နှင့် မော်တော် ဆိုင်ကယ်များ ၊ ဆေးဈေးနှုန်းများ၊ သစ်မာ၊ သွပ်၊ အုတ်၊ အိမ်လခ၊ ထင်း၊ မီးသွေး၊ ဖယောင်းတိုင် နှင့် အဝတ်လျှော်ဆပ်ပြာမှုန့် စသည့်ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက် လာသောကြောင့် ဖြစ်ပါသည်။


၅။ **၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၄.၆၁%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၃.၄၁%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)


ညွှန်ကြားရေးမှူးချုပ်

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၇ ခုနှစ် ဒီဇင်ဘာလ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ** | |
| | **စားသုံးသူဈေးဆန်းနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၆ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ** | |
| | **စားသုံးသူဈေးဆန်းနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၆ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၆ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၁၀ |
| | **အပိုင်း(ဂ)** | |
| | **စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန်းနှုန်းအခြေအနေတင်ပြခြင်း | ၁၃ |
| ၂ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၃ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၅ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့ ၏ စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၇ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၈ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၉ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

### ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၈.၂၉ ဖြစ်ရာ လွန်ခဲ့သော နိုဝင်ဘာလ အခြေအနေ ၁၃၇.၅၀ နှင့် နှိုင်းယှဉ်ပါက ၀.၅၇% မြင့်တက်လာပါသည်။ အဓိက အားဖြင့် အစားအစာအုပ်စု၊ ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၊ အဝတ်အထည်အုပ်စု၊ အိမ်လခ နှင့်အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေး အုပ်စု၊ ပြင်ပအစားအသောက်အုပ်စုနှင့် သယ်ယူပို့ဆောင်ရေး အုပ်စုတို့ ၏ ကုန်ပစ္စည်းအချို့ ဈေးနှုန်းများ မြင့်တက်လာ၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၆၁% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော နိုဝင်ဘာလ အခြေအနေ ၄.၇၉%နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ အနည်း ငယ် ပြန်လည်ကျဆင်းလာသည်ကို တွေ့ ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်း များကိုဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

#### (က) အစားအစာအုပ်စု

ဤအုပ်စုဈေးဆနှုန်းသည် လွန်ခဲ့သောလကထက် ၀.၂၆% မြင့်တက်လာ ပါသည်။ ယခုလတွင် မြေပဲဆီ ၀.၉၁%၊ နှမ်းဆီ ၀.၅၄% ၊ ဝက်သား ၀.၉၄%၊ ကြက်ဥ ၀.၉၀%နှင့် ဘဲဥ ၀.၄၄% ဈေးနှုန်းများ အသီးသီး မြင့်တက်လာသော် လည်း ဧည့်မထဆန်(အသစ်)ဈေးနှုန်း ၀.၃၈%၊စားအုန်းဆီ ၁.၈၂%၊ အမဲသား ၁.၀၂%၊ ငါးခူ ၂.၉၄%၊ ငါးရံ့ ၂.၃၃%နှင့် ငါးမြစ်ချင်း ၀.၅၉% ဈေးနှုန်းများ ကျဆင်းလာကြောင်း တွေ့ ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၊ ကုလားပဲခြမ်း နှင့် အာလူး ဈေးနှုန်းများ ကျဆင်းလာသော်လည်း ကြက်သွန်နီ၊ ငရုတ်သီးခြောက်၊ ပဲကြီးနှင့် စားတော်ပဲဈေးနှုန်းများ မြင့်တက်လာပါသည်။

ဟင်းသီးဟင်းရွက်များတွင် ကန်းစွန်းရွက်၊ ပဲတောင့်ရှည်သီးဈေးနှုန်းများ အသီးအနှံများဖြစ်သော သင်္ဘောသီး၊ နာနတ်သီးနှင့် သံပုရာသီးဈေးနှုန်းများ မြင့်တက်လာကြောင်းတွေ့ ရှိရပါသည်။ သို့ သော် ခရမ်းချဥ်သီးဈေးနှုန်းမှာမူ သိသိသာသာ ပြန်လည်ကျဆင်းလာကြောင်းတွေ့ ရှိရပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၄၉.၃၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၆.၃၆ ဖြစ်သောကြောင့် ၂.၀၂% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများအနက် အရက်၊ ဘီယာ၊ ဆေးပေါ့လိပ်၊ စီးကရက်၊ ကွမ်းရွက်နှင့်ကွမ်းသီးခြမ်းဈေးနှုန်းများ သိသိသာသာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၁၈.၂၂ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၇.၈၅ ဖြစ်သောကြောင့် ၀.၃၁% မြင့်တက်လာကြောင်းတွေ့ ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော အမျိုးသမီး/ အမျိုးသားဝတ် လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ ရှပ်၊ ဆွယ်တာနှင့် ဖိနပ်ဈေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်ပါသည်။ဆောင်းရာသီ ဖြစ်သောကြောင့် အနွေးထည်ဈေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၄၃.၁၂ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၃၈.၉၁ ဖြစ်သောကြောင့် ၃.၀၃% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော သစ်မာ၊ သွပ်၊ အုတ်၊ ထင်း၊ မီးသွေး၊ ရေဖိုးနှင့်

အိမ်လခဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ပွင့်လင်းရာသီဖြစ်သောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ တွင်ကျယ်လာသဖြင့် အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာပါသည်။ ထို့အပြင်ရာသီဥတုအေးသောကြောင့်ထင်းနှင့်မီးသွေးသုံးစွဲသူများလာပြီး ဈေးနှုန်းများမြင့်တက်လာပါသည်။

## (င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၁၆.၄၅ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၆.၁၄ ဖြစ်သောကြောင့် ၀.၂၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဗီရို၊ ကုတင်၊ ခြင်ထောင်၊ စောင်နှင့်အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သော ရေစုပ်စက်၊ အဝတ်လျှော်ဆပ်ပြာမှုန့်နှင့် ဖယောင်းတိုင်ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

## (စ) ကျန်းမာရေးအုပ်စု

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၃၆.၆၉ ရှိ၍၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၃၆.၃၁ ဖြစ်သောကြောင့် ၀.၂၈% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော အားဆေးဈေးနှုန်း၊ ဆရာဝန်ပြခနှင့် ဆေးကုသခ စရိတ်များ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

## (ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၀၂.၆၆ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၁.၂၈ ဖြစ်သောကြောင့် ၁.၃၇% ဆက်လက်မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီ တစ်ဂါလံလျှင် ၃၅၉၄.၆၉ ကျပ် မှ ၃၇၁၆.၄၂ ကျပ်၊ ဓာတ်ဆီတစ်ဂါလံလျှင် ၃၇၃၅.၂၃ ကျပ် မှ ၃၈၅၁.၅၁ ကျပ်သို့ ဈေးနှုန်းအသီးသီး မြင့်တက်လာပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် ဘတ်(စ်)ကားခ(မြို့တွင်း)နှင့် ခရီးဝေးကားခ ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ပါသည်။

**(ဈ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၀၂.၇၀ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၈၀ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ် ကျဆင်းလျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်း ဈေးနှုန်းများ အနည်းငယ် ကျဆင်းလာခဲ့ပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၀၅.၉၉ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၆.၃၁ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်းလာခဲ့ ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗွီရှင်း၊ ဂျာနယ်၊ ဗလာ စာအုပ်၊ ဘောပင်ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်သာ ကျဆင်းလာ သည့်အတွက် ဖြစ်ပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၂.၅၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၂.၅၃ ဖြစ်သောကြောင့် ပြောင်းလဲမှု မရှိဘဲ တည်ငြိမ် လျက်ရှိပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် ကုန်ပစ္စည်းဈေးနှုန်းများ ပြောင်းလဲခြင်း မရှိခဲ့ပါ။

**(ဋ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၁၆.၉၅ ရှိ၍၊ ယခင် လ၏ ဈေးဆနှုန်းမှာ ၁၁၆.၁၉ ဖြစ်သောကြောင့် ၀.၆၆% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော မုန့် ဟင်းခါး၊အသုပ်နှင့် ကွမ်းယာဈေးနှုန်းများ မြင့် တက်လာခဲ့သောကြောင့် ဖြစ်ပါသည်။

**(၄)  အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၃.၈၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၄.၂၀ ဖြစ်သောကြောင့် ၀.၂၇% ကျဆင်းလာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော သွားတိုက်ဆေး၊ ရွှေထည်ပစ္စည်း နှင့် ထီးဈေးနှုန်းများမှာ ယခင်လကထက် ကျဆင်းလာခဲ့၍ဖြစ်ပါသည်။

**(၃)  အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၀.၉၂ ရှိ၍၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၁၉.၅၁ ဖြစ်သောကြောင့် ၁.၁၈% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အဝတ်အထည်အုပ်စု၊ အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေးအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် ပြင်ပအစားအသောက်အုပ်စုဈေးနှုန်းများ မြင့်တက်လာသော်လည်း ကျန်အုပ်စု၏ ကုန်ပစ္စည်းဈေးနှုန်းများမှာကျဆင်းလာခဲ့ကြောင်း တွေ့ ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၆ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၈.၂၉ဖြစ်ရာ လွန်ခဲ့သော ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ အခြေအနေ ၁၃၂.၃၉ နှင့် နှိုင်းယှဉ်ပါက ၄.၄၅% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသာထင်ရှားစွာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၆၁%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ အခြေအနေ **၇.၀၂%** နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

#### (က) အစားအစာအုပ်စု

ဤအုပ်စုဈေးဆနှုန်းသည် ယခင်နှစ်အလားတူကာလကထက် ၃.၉၉% မြင့်တက်နေပါသည်။ ဆန်ဈေးနှုန်းမှာ ယခင်နှစ်အလားတူကာလကထက် ၈.၃၃% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁.၀၀%၊ နှမ်းဆီ ၁.၉၅%၊ ဝက်သား ၅.၉၈%၊ ဘဲဥ ၀.၄၁%၊ ငါးခူ ၁.၂၀%၊ ငါးမြစ်ချင်း ၂.၄၂%၊ ပုစွန်ခြောက် ၅.၁၇%၊ ငါးရံ့ခြောက် ၈.၉၄% နှင့် ရေကျိုငါးပိ ၁.၂၃% ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ ရှိရပါသည်။စားအုန်းဆီ ၂.၃၃%၊ ကြက်သား ၂.၁၄%၊ အမဲသား ၀.၇၅%နှင့် ကြက်ဥ ၇.၈၉%စသည့်ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း တွေ့ ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၂၃.၂၈%၊ ကုလားပဲခြမ်း ၃.၀၁%၊ အာလူး ၁.၆၂% ဈေးနှုန်းများမှာ ယခင်နှစ် ကထက် ကျဆင်းလာသော်လည်း၊ ကြက်သွန်နီဈေးနှုန်း ၁၁၄.၅၁% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ဟင်းသီးဟင်းရွက်တွင် ခရမ်းချဉ်သီးဈေးနှုန်းမှာ ၃၆.၅၁% ဖြင့်သိသာစွာကျဆင်းလာကြောင်း တွေ့ ရှိရပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၄၉.၃၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၂.၄၂ ဖြစ်သောကြောင့် ၁၂.၇၇% ဖြင့် သိသာထင်ရှားစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်နှင့်ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်၊ စီးကရက်၊ ကွမ်းသီးနှင့်ကွမ်းရွက်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၁၈.၂၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၆.၆၇ ဖြစ်သောကြောင့် ၁.၃၃% မြင့်တက်လာကြောင်း တွေ့ ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ ရှပ်၊ဆွယ်တာဈေးနှုန်းများမှာ ယခင်နှစ်ကထက် အနည်းငယ် မြင့်တက်ခဲ့ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၄၃.၁၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၄.၈၂ ဖြစ်သောကြောင့် ၆.၁၅% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ဆောက်ပစ္စည်းများနှင့် ထင်း၊ မီးသွေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ ရှိရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ ၁၁၆.၄၅ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၃.၄၇ ဖြစ်သောကြောင့် ၂.၆၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနှုန်း**မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၃၆.၆၉ ရှိပြီး၊ ယခင်နှစ်၏ဈေးဆန္ဒနှုန်းမှာ ၁၃၀.၆၃ ဖြစ်သောကြောင့် ၄.၆၄% မြင့်တက်လျက်ရှိပါသည်။ ဆေးဈေးနှုန်းနှင့် ဆေးကုသခစရိတ်များမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ကြောင်း တွေ့ ရှိပါသည်။

**(ဆ) သယ်ယူပို့ ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၀၂.၆၆ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒနှုန်းမှာ ၉၅.၈၇ ဖြစ်သောကြောင့် ၇.၀၉% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆန္ဒနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၁၃၄.၇၅ ကျပ်ရှိရာမှ ယခုနှစ်တွင် ၃၇၁၆.၄၂ကျပ် သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၂၂၂.၉၆ကျပ် ရှိရာ မှ ၃၈၅၁.၅၁ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၀၂.၇၀ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒနှုန်းမှာ ၉၃.၆၄ ဖြစ်သောကြောင့် ၉.၆၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ ရှိရပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒနှုန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၀၅.၉၉ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒနှုန်းမှာ ၁၀၅.၂၆ ဖြစ်သောကြောင့် ၀.၆၉% မြင့်တက်ခဲ့ပါသည်။

(ည) ပညာရေးအုပ်စု

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၂၂.၅၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒန်းမှာ ၁၂၂.၂၄ ဖြစ်သောကြောင့် ၀.၂၄% မြင့်တက်လာခဲ့ပါသည်။

(ဋ) ပြင်ပအစားအသောက်အုပ်စု

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၁၆.၉၅ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒန်းမှာ ၁၁၁.၀၉ ဖြစ်သောကြောင့် ၅.၂၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်းတွေ့ ရပါသည်။

(ဌ) အထွေထွေကုန်ပစ္စည်းအုပ်စု

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၂၃.၈၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒန်းမှာ ၁၁၉.၅၇ ဖြစ်သောကြောင့် ၃.၆၀% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ယခင်နှစ်ကထက် ၇.၀၈ % မြင့်တက်ခဲ့၍ဖြစ်ပါသည်။

(ဍ) အစားအစာမဟုတ်သောအုပ်စု

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၌ ၁၂၀.၉၂ ရှိပြီး၊ ယခင်နှစ်၏ဈေးဆန္ဒန်းမှာ ၁၁၄.၈၂ ဖြစ်သောကြောင့် ၅.၃၂% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင်ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ဆန်ဈေးနှုန်းများမြင့်တက်နေပြီး၊ ယခင်လနှင့်နှိုင်းယှဉ်လျှင် ဆန်ဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိပါသည်။ ဆန်အသစ်စပေါ်ချိန်ဖြစ်၍ ဆန်သစ်ဈေးနှုန်းများ ကျဆင်း လျက်ရှိသော်လည်း၊ ဆန်ဟောင်းဈေးနှုန်းမှာမူ မြင့်တက်လျက်ရှိသည်ကို တွေ့ ရှိရပါသည်။ ပေါ်ဆန်းနှင့် ဧည့်မထစပါးများ၏ စိုက်ပျိုး ကုန်ကျစရိတ်မှာ ယခင်နှစ်ကထက် တင်း ၁၀၀လျှင် ကျပ်တစ်သိန်းခန့် ပိုမို ကုန်ကျခဲ့သောကြောင့် ဆန်ဈေးနှုန်းများမြင့်နေရခြင်းဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီနှင့် နှမ်းဆီဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာပြီး၊ စားအုန်းဆီဈေးနှုန်းမှာ ကျဆင်းနေသည်ကို တွေ့ ရှိရပါသည်။ ယခင်လတွင် ပြည်ပစားအုန်းဆီ ဈေးနှုန်းမှာ မက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၁.၅၁ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၆၁၆.၁၆ ဖြစ်သဖြင့် ယခင်လကထက် ၅.၄၂% ကျဆင်း နေသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းမှာလည်း အနည်းငယ် ကျဆင်းလာပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင်ပါဝင်သော ဝက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ပုစွန်ခြောက် ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာသော်လည်း အချို့ ငါးဈေးနှုန်းများမှာယခင်လကထက်ကျဆင်းလျက်ရှိပါသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးချိန်ဖြစ်ခြင်း၊ အလှူအတန်းပြုလုပ်သူများပြားခြင်း၊ မင်္ဂလာဆောင် ပြုလုပ်သူများပြားခြင်း တို့ကြောင့် ဝယ်လိုအားများပြားလာပြီး အသားနှင့်ဥဈေးနှုန်းများ မြင့်တက်လာပါသည်။ သို့ သော်အင်းအိုင်များတူးဖော်ချိန် ဖြစ်သောကြောင့် အချို့ငါးဈေးနှုန်းများသိသာစွာ ကျဆင်းလာပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက သီးနှံအသစ်ထွက်ပေါ်ချိန် ဖြစ်သောကြောင့် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လကထက် ပြန်လည်ကျဆင်း လာပါသည်။ စားဖိုဆောင်သီးနှံဖြစ်သော အာလူး၊ ကုလားပဲခြမ်း နှင့် ကြက်သွန်ဖြူ ဈေးနှုန်းများ ဆက်လက်ကျဆင်းနေပြီး ကြက်သွန်နီဈေးနှုန်းမှာ အနည်းငယ်သာ မြင့်တက်လျက်ရှိပါသည်။ အချိန်အခါမဟုတ် ရွာသွန်းခဲ့သော မိုးကြောင့် ကြက်သွန် ခင်းများပျက်စီးခဲ့သဖြင့် ကြက်သွန်နီဈေးနှုန်းမှာ ယခင်နှစ်ကထက် အဆမတန်မြင့် တက်လျက်ရှိပါသည်။ ကြက်သွန်နီအသစ်ထွက်ပေါ်ချိန်ဖြစ်သော်လည်း၊ ဈေးကွက် အတွင်းဝင်ရောက်မှု နောက်ကျနေသောကြောင့် ကြက်သွန်နီဈေးနှုန်းမှာ အမြင့်ဈေး ဖြစ်ပေါ်လျက်ရှိပါသည်။ ကွမ်းရွက်ဈေးနှုန်းများ မြင့်တက်ရခြင်းမှာ ရာသီကူး ပြောင်းချိန်တွင် ကွမ်းရွက်များ ပိုးကျ၍ ထွက်ရှိမှု နည်းပါးခြင်းကြောင့် ဖြစ်ပါ သည်။ ထို့ပြင် စိုက်ခြံများတွင် ရွက်နုထွက်ချိန် မိုးရွာသွန်းမှုများကြောင့် ကွမ်းခြံ များ ပျက်စီးမှုရှိပြီး ဈေးကွက်သို့ ဝင်ရောက်မှုနည်းခြင်းကြောင့် ဈေးနှုန်းမြင့်တက် ရခြင်းဖြစ်ပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၆၇၁၉၅ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၁.၁၇% ကျဆင်းလာသော်လည်း၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၇.၀၈% ဖြင့် သိသာထင်ရှားစွာမြင့်တက်လျက်ရှိ ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန် ဒေါ်လာ ၁၂၈၁.၂၇ ရှိရာ မှ ၁၂၆၅.၅၉ သို့ ပြန်လည် ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာခြင်းနှင့်အတူ မြန်မာ့ရွှေဈေးနှုန်းမှာလည်း လိုက်ပါ ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

(စ) ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီနှင့် ဓာတ်ဆီဈေးနှုန်းမှာ ယခင်လကထက် ဆက်လက် မြင့်တက်လာပါ သည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီ တစ်စည် လျှင် အမေရိကန်ဒေါ်လာ ၇၂.၈၇ မှ ၇၅.၂၇ သို့ လည်းကောင်း၊ဓာတ်ဆီတစ်စည် လျှင် အမေရိကန်ဒေါ်လာ ၇၂.၆၂ မှ ၇၃.၁၇ သို့ လည်းကောင်းအသီးသီး

မြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောသောကြောင့် ပြင်ပပုဂ္ဂလိက အရောင်းဆိုင်တွင် ရောင်းဈေးနှုန်းများ တရိပ်ရိပ် မြင့်တက်လာသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း မြင့်တက်လာပါသည်။ ထို့ပြင် ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် ဘုရားဖူး ခရီးသွားလာသူများပြားလာပြီး လောင်စာဆီ အသုံးပြုမှုများလာသောကြောင့် ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ ရှိရပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ ဆောင်ဆက်သွယ်ရေး ခက်ခဲသည့်အတွက် သယ်ယူပို့ ဆောင်စရိတ်မြင့်တက်ခြင်း၊ ပြည်တွင်း လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းများ မြင့်မားလာခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းစသည့် အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ် လျက်ရှိပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း


(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၇ခုနှစ်ဇန်နဝါရီလမှ ၂၀၁၇ခုနှစ် ဒီဇင်ဘာအတွင်း ဖြစ်ပေါ်ခဲ့သောတစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကိုလေ့လာပါက ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် ၁၃၂.၃၉ရှိရာမှ မတ်လတွင် ၁၃၁.၉၆ သို့ အနည်းငယ်ကျဆင်းလာပြီး၊ ထိုမှတဖန်ပြန်လည်မြင့်တက်လာခဲ့ရာ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် ၁၃၈.၂၉ ဖြစ် ပေါ်ခဲ့ပါသည်။

(ခ) ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရန်ကုန်မြို့ တို့ တွင် ယခင်လကထက် ကျဆင်းလာသော်လည်း၊ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မြင့်တက်လျက်ရှိသည်ကို တွေ့ ရှိရပါသည်။

### ၂။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့်( ၂၀၁၇ခုနှစ်ဇန်နဝါရီလမှ ၂၀၁၇ခုနှစ် ဒီဇင်ဘာလ) အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် ၇.၇၆% ရှိရာမှ ဖေဖော်ဝါရီလတွင်အနည်းငယ်မြင့်တက်ခဲ့ပြီး မတ်လမှစ၍ ပြန်လည်ကျဆင်းလာရာဇူလိုင်လတွင် ၂.၃၀% ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ဩဂုတ်လမှစ၍ ပြန်လည်မြင့်တက်ခဲ့ရာ နိုဝင်ဘာလတွင် ၄.၄၇%ရှိခဲ့ပါသည်။ သို့ သော်ယခုလတွင် ယခင်လကထက် ရာခိုင်နှုန်းအနည်းငယ်သာ ကျဆင်းလာခဲ့ကြောင်းတွေ့ ရှိပါသည်။ လအလိုက် တိုးနှုန်းအရှိန်မှာ လျော့နည်းလာခြင်းကြောင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း လျော့နည်းလာရခြင်းဖြစ်ပါသည်။

(ခ) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အထိ တစ်နှစ်ပျမ်းမျှ ၄.၆၁% ရှိ၍ နိုဝင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၄.၇၉ % နှင့် နှိုင်းယှဉ်ပါက အနည်းငယ် ပြန်လည်ကျဆင်းလာပါကြောင်းနှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတို့ ၏ နှစ်အလိုက်ပြောင်းလဲမှုကို နှိုင်းယှဉ်ပါက (Year on Year Inflation) မှာ ၄.၄၅% ဖြစ်သည့်အတွက် ယခင် လကထက် ရာခိုင်နှုန်းအနည်းငယ်သာကျဆင်းလာကြောင်း တွေ့ ရပါသည်။




(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့ ၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၉.၀၆% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ကချင်ပြည်နယ်တွင် ၆.၈၉% ဖြင့် ဒုတိယ အမြင့်ဆုံး၊ မန္တလေးမြို့တွင် ၆.၁၂% ဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၉.၈၂%ဖြင့် ပြောင်းလဲမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ပြည်ထောင်စုနယ်မြေတွင် ၀.၁၂% ဖြင့် ပြောင်းလဲမှုရာ ခိုင်နှုန်းအနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

# ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၇ခုနှစ် ဒီဇင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဒီဇင်ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၃၂.၃၉** | **၁၃၇.၅၀** | **၁၃၈.၂၉** | **၀.၅၇** | **၄.၄၅** | **၄.၆၁** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၄.၈၅** | **၁၅၀.၂၃** | **၁၅၀.၆၃** | **၀.၂၆** | **၃.၉၉** | **၄.၄၈** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၃၂.၄၂ | ၁၄၆.၃၆ | ၁၄၉.၃၃ | ၂.၀၂ | ၁၂.၇၇ | ၄.၂၃ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၆.၆၇ | ၁၁၇.၈၅ | ၁၁၈.၂၂ | ၀.၃၁ | ၁.၃၃ | ၁.၉၇ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၄.၈၂ | ၁၃၈.၉၁ | ၁၄၃.၁၂ | ၃.၀၃ | ၆.၁၅ | ၅.၀၅ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၃.၄၇ | ၁၁၆.၁၄ | ၁၁၆.၄၅ | ၀.၂၇ | ၂.၆၃ | ၁.၆၅ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၀.၆၃ | ၁၃၆.၃၁ | ၁၃၆.၆၉ | ၀.၂၈ | ၄.၆၄ | ၄.၀၀ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၉၅.၈၇ | ၁၀၁.၂၈ | ၁၀၂.၆၆ | ၁.၃၇ | ၇.၀၉ | ၁၀.၂၇ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၃.၆၄ | ၁၀၂.၈၀ | ၁၀၂.၇၀ | -၀.၁၀ | ၉.၆၇ | ၃.၃၁ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၂၆ | ၁၀၆.၃၁ | ၁၀၅.၉၉ | -၀.၃၀ | ၀.၆၉ | ၀.၈၂ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၂၄ | ၁၂၂.၅၃ | ၁၂၂.၅၃ | ၀.၀၀ | ၀.၂၄ | ၁.၃၇ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၁.၀၉ | ၁၁၆.၁၉ | ၁၁၆.၉၅ | ၀.၆၆ | ၅.၂၈ | ၃.၃၆ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၁၉.၅၇ | ၁၂၄.၂၀ | ၁၂၃.၈၇ | -၀.၂၇ | ၃.၆၀ | ၄.၈၁ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၄.၈၂** | **၁၁၉.၅၁** | **၁၂၀.၉၂** | **၁.၁၈** | **၅.၃၂** | **၄.၈၉** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၂.၉၃** | **၁၁၆.၄၃** | **၁၁၆.၇၇** | **၀.၂၉** | ***၃.၄၁** | ***၃.၄၃** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

# ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင် ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဒီဇင်ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၆.၇၉ | ၁၃၉.၂၈ | ၁၄၅.၅၇ | ၄.၅၁ | ၆.၄၁ | ၆.၈၉ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၃၅.၇၀ | ၁၄၃.၉၅ | ၁၄၄.၀၈ | ၀.၀၉ | ၆.၁၈ | ၅.၃၄ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၀.၉၃ | ၁၂၅.၆၇ | ၁၂၆.၇၅ | ၀.၈၆ | ၄.၈၁ | ၄.၁၈ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၇.၆၃ | ၁၈၃.၄၁ | ၁၈၄.၁၈ | ၀.၄၂ | ၃.၆၉ | ၃.၂၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၂.၃၂ | ၁၃၆.၄၉ | ၁၃၅.၆၇ | -၀.၆၀ | ၂.၅၃ | ၃.၉၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၆.၈၀ | ၁၂၀.၆၁ | ၁၂၃.၁၅ | ၁.၂၆ | ၅.၄၃ | ၅.၄၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၀.၈၇ | ၁၃၅.၂၃ | ၁၃၅.၅၄ | ၀.၂၃ | ၃.၅၇ | ၄.၃၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၄.၃၁ | ၁၃၉.၀၆ | ၁၃၉.၆၃ | ၀.၄၁ | ၃.၉၆ | ၃.၉၃ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၃၀.၂၀ | ၁၃၂.၉၄ | ၁၃၃.၀၅ | ၀.၀၈ | ၂.၁၈ | ၄.၂၀ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၂.၇၆ | ၁၃၁.၀၈ | ၁၃၀.၆၉ | -၀.၃၀ | ၆.၄၆ | ၅.၅၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၅၇.၅၂ | ၁၇၂.၃၀ | ၁၇၂.၉၈ | ၀.၄၀ | ၉.၈၂ | ၉.၀၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၆.၈၀ | ၁၃၀.၅၅ | ၁၃၁.၂၈ | ၀.၅၆ | ၃.၅၄ | ၃.၃၃ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၁.၅၈ | ၁၄၆.၀၁ | ၁၄၇.၉၀ | ၁.၂၉ | ၄.၄၇ | ၅.၃၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၀.၅၄ | ၁၃၉.၈၇ | ၁၄၀.၁၁ | ၀.၁၇ | ၇.၃၄ | ၄.၃၉ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၇.၇၂ | ၁၂၈.၉၄ | ၁၂၇.၈၈ | -၀.၈၃ | ၀.၁၂ | ၁.၆၂ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၃.၃၃ | ၁၃၇.၁၀ | ၁၃၇.၈၅ | ၀.၅၅ | ၃.၃၉ | ၄.၀၅ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၂၀.၈၅ | ၁၂၉.၆၄ | ၁၃၀.၃၃ | ၀.၅၃ | ၇.၈၅ | ၆.၁၂ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၃.၆၄ | ၁၂၈.၄၇ | ၁၂၈.၈၉ | ၀.၃၃ | ၄.၂၅ | ၃.၀၅ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၂.၃၉** | **၁၃၇.၅၀** | **၁၃၈.၂၉** | **၀.၅၇** | **၄.၄၅** | **၄.၆၁** |


## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၇ ခုနှစ် ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (ကျပ်) | ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (ကျပ်) | ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (ကျပ်) | ယခင်လ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည့် % | ယခင်နှစ် အလားတူလ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၃၈၅.၈၂ | *၁၃၈၁.၃၄ | ၁၂၇၅.၀၉ | -၀.၃၂ | ၈.၃၃ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၂၅၁.၄၈ | ၅၂၉၉.၂၅ | ၅၂၄၆.၈၂ | ၀.၉၁ | ၁.၀၀ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၆၄၈.၄၅ | ၅၆၇၈.၈၀ | ၅၅၇၀.၁၉ | ၀.၅၄ | ၁.၉၅ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၄၄.၆၈ | ၂၁၀၅.၇၄ | ၂၁၅၅.၉၁ | -၁.၈၂ | -၂.၃၃ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၇၄၈.၀၆ | ၆၇၅၀.၀၀ | ၆၈၉၇.၃၂ | ၀.၀၃ | -၂.၁၄ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၈၈၁၁.၆၄ | ၈၈၉၄.၁၀ | ၈၃၉၁.၈၉ | ၀.၉၄ | ၅.၉၈ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၅၄၄.၆၀ | ၁၀၄၃၇.၅၀ | ၁၀၅၁၆.၄၃ | -၁.၀၂ | -၀.၇၅ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၂၃.၄၈ | ၁၆၃၀.၆၅ | ၁၆၂၃.၉၂ | ၀.၄၄ | ၀.၄၁ |
| ၉ | ကြက်ဥ | ။ | ။ | ၁၁၇၀.၅၆ | ၁၁၈၁.၀၅ | ၁၂၈၂.၂၀ | ၀.၉၀ | -၇.၈၉ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၇၄၅၈.၁၀ | ၇၂၃၈.၅၅ | ၇၁၅၂.၄၉ | -၂.၉၄ | ၁.၂၀ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၇၆၄.၅၅ | ၇၅၈၃.၆၀ | ၇၅၈၆.၅၃ | -၂.၃၃ | -၀.၀၄ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၄၅.၂၅ | ၄၅၁၈.၅၅ | ၄၄၁၁.၆၆ | -၀.၅၉ | ၂.၄၂ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၇၈၉၀.၅၆ | ၂၈၀၂၅.၇၅ | ၂၆၆၄၈.၉၄ | ၀.၄၈ | ၅.၁၇ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၇၄၅၀.၀၀ | ၂၇၄၄၅.၀၅ | ၂၅၁၉၁.၆၇ | -၀.၀၂ | ၈.၉၄ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၁၇၇.၂၃ | ၃၁၇၉.၉၁ | ၃၁၄၁.၁၅ | ၀.၀၈ | ၁.၂၃ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၅၉၉.၅၈ | ၁၂၈၄.၉၆ | ၂၀၂၃.၉၅ | -၁၉.၆၇ | -၃၆.၅၁ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၃၂၂၄.၈၉ | ၃၁၇၃.၃၈ | ၃၂၇၁.၈၄ | -၁.၆၀ | -၃.၀၁ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၉၈.၉၈ | ၁၀၉၂.၀၇ | ၁၁၁၀.၀၀ | -၀.၆၃ | -၁.၆၂ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၄၃၆၁.၆၀ | ၄၁၇၇.၁၉ | ၅၄၄၄.၅၃ | -၄.၂၃ | -၂၃.၂၈ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၂၈၉၅.၇၇ | ၂၉၃၀.၆၅ | ၁၃၆၆.၂၀ | ၁.၂၀ | ၁၁၄.၅၁ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၆၇၄.၄၆ | ၄၇၀၈.၇၅ | ၄၅၆၁.၂၅ | ၀.၇၃ | ၃.၂၃ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၄၉၉၅.၃၅ | ၅၀၁၃.၆၂ | ၅၀၇၇.၀၈ | ၀.၃၇ | -၁.၂၅ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၇၇၄၇၃.၂၈ | ၈၆၇၁၉၅.၀၅ | ၈၀၉၈၁၆.၅၂ | -၁.၁၇ | ၇.၀၈ |
| ၂၄ | ထင်း | | ပိဿာ | ၂၉၆.၁၇ | ၃၀၅.၆၁ | ၂၈၉.၅၄ | ၃.၁၉ | ၅.၅၅ |
| ၂၅ | မီးသွေး | | ။ | ၅၉၅.၇၃ | ၆၁၁.၁၅ | ၅၇၆.၁၁ | ၂.၅၉ | ၆.၀၈ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၀၃.၇၄ | ၄၀၄.၄၁ | ၃၉၂.၂၁ | ၀.၁၆ | ၃.၁၁ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၉၁၁.၉၉ | ၉၁၄.၀၄ | ၁၀၁၁.၇၁ | ၀.၂၂ | -၉.၆၅ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၃၅၉၄.၆၉ | ၃၇၁၆.၄၂ | ၃၁၃၄.၇၅ | ၃.၃၉ | ၁၈.၅၆ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၇၃၅.၂၃ | ၃၈၅၁.၅၁ | ၃၂၂၂.၉၆ | ၃.၁၁ | ၁၉.၅၀ |


* ဆန်သစ်နှင့် ဆန်ဟောင်းဈေးနှုန်းများကို ပျမ်းမျှရှာထားခြင်းဖြစ်ပါသည်။

# ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
| စားသုံးသူဈေးဆနှုန်း(CPI) | ၁၃၂.၃၉ | ၁၃၂.၄၀ | ၁၃၂.၇၃ | ၁၃၁.၉၆ | ၁၃၂.၀၇ | ၁၃၂.၄၂ | ၁၃၂.၅၈ | ၁၃၂.၈၆ | ၁၃၃.၂၇ | ၁၃၄.၄၃ | ၁၃၅.၇၀ | ၁၃၇.၅၀ | ၁၃၈.၂၉ |
| စားသုံးသူဈေးဆနှုန်း(Core CPI) | ၁၁၂.၉၃ | ၁၁၂.၈၅ | ၁၁၂.၈၉ | ၁၁၃.၅၀ | ၁၁၃.၆၄ | ၁၁၃.၇၁ | ၁၁၃.၇၇ | ၁၁၄.၆၂ | ၁၁၅.၄၅ | ၁၁၅.၈၂ | ၁၁၅.၇၇ | ၁၁၆.၄၃ | ၁၁၆.၇၇ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၆.၅၅ | ၇.၇၆ | ၇.၉၉ | ၇.၀၀ | ၄.၇၄ | ၃.၉၀ | ၂.၉၂ | ၂.၃၀ | ၂.၄၀ | ၃.၄၀ | ၄.၀၀ | ၄.၄၇ | ၄.၄၅ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၃.၄၇ | ၃.၀၉ | ၂.၇၆ | ၃.၁၆ | ၃.၂၀ | ၂.၉၀ | ၂.၈၁ | ၃.၆၈ | ၄.၀၀ | ၃.၉၆ | ၄.၀၁ | ၄.၁၆ | ၃.၄၁ |